

## ၁။ ဒုက္ခဆင်းရဲဖြစ်တည်လာဟဲ့ အကြောင်းနဲ့အကျိုး (ကမ္ဘာဦးကျမ်း ၁)

ဖရားရှင်ဟ စကြာဝဠာနဲ့ ကမ္ဘာကြီးဝို ငါးရက်တွင်း ဖန်ဆင်းတော်မူဟဲ့ပီး မြေမှုန်လေဟနေတဆင့် ကမ္ဘာပေါ်မာရှိဟဲ့သက်ရှိလို့ဝို ဖန်ဆင်းဟဲ့အယ်။ ခြောက်ရက်မြောက်ဟဲ့နေ့မာ ဖရားရှင်ဟာ အရင်ဦးဆုံးလက်ထပ်ထိမ်းမြားဆွာဝို ပြုလုပ်ပေးဟဲ့နင်း။ ပထမဆုံး လူယောကျ်ားဝို အာဒံဝို့ ခေါ်စေပီး ပထမဆုံး လူအမျိုးသမီးဝိုဟား ဧဝဝို့ ခေါ်တွင်စေဟဲ့အယ်။ ဖရားရှင်ဟ အာဒံနဲ့ ဧဝလည်များဝို ကမ္ဘာပေါ်မာ လူသားမျိုးနွယ်လေ ပြန့်ပွားပေးစေဖို့ ဗျာဒိတ်တော်ပေးဟဲ့အယ်။ ဖရားရှင်ဟ အာဒံနဲ့ဧဝဖို့ ဧဒင်ဥယျာဉ်အတွင်းမာ အသီးအနှံလေပေါလွန်းဟဲ့အသက်သစ်ပင်၊ ဉာဏ် ပညာသစ်ပင်လို့အပါအဝင်အပင်များရီး ဖန်တီးပေးဟဲ့နင်း။ လူယောကျ်ားဟာအသက်ရှင်နီထိုင်ဖို့ ရည်ရွယ်ချက်နဲ့ သတ္တဝါလေဝို သတ်ဖြတ်စားသောက်ဖို့ မလိုအပ်ဟဲ့ဝူးနင်း။ အာဒံနဲ့ ဧဝဟာ တခြားသတ္တဝါလေလိုမျိုး အရှက်တရားဝို နားမလည်သေးဟဲ့မို့ အဝတ်အစားလေဝတ်ဖို့လဲ လိုဟဲ့ဝူး။ ညနေခင်းလေရောက်တိုင်း ဖရားရှင်ဟာ အာဒံ၊ ဧဝလို့နဲ့တူတူ မိတ်ဆွေလေလိုမျိုးရီးစကားပြောရင်း လမ်းလျှောက်လေ့ရှိကြဟယ်။ မြွေဆိုဆွာ တိရစ္ဆာန်လေထဲမာ အပါးနပ်ဆုံးသတ္တဝါဖြစ်ဟဲ့လဲ ဟေမြွေလေဟကား မကောင်းဟဲ့နတ်ဒေဝါဟဲ့မြွေဆိုးဖြစ်ဟယ်။ တရက်မာ အဲ့မြွေဟ ဧဝဝို "ဖရားရှင်ဟ ဟေဥယျာဉ်ထဲရှိ အပင်တိုင်းဟ အသီးလေအားလုံးဝို စားခိုင်းဝူးဆိုဆွာ မှန်ဆွာဝါး" ဝို့မေးလိုက်ဟယ်။ ဟေခါ ဧဝဟ "ငါလို့ဟ ဉာဏ်ပညာသစ်ပင်ရှိ အသီးဟလွဲပင်း ကျန်ဟဲ့အသီးအကုန်စားလို့ရဟယ်။ ဖရားရှင်ဟ အဲ့အပင်ဟ အသီးဝို မစားဖို့နဲ့ ထိတောင်မထိကြည့်ကြဖို့နဲ့ စားဟင်ငါလို့သေကြရမာနင်း" ဝို့ပြန်ပြောဟဲ့အယ်။ အဲ့ခါ မြွေဆိုးဟ "ဟေဆွာဟာ အမှန်ဟုတ်ဝူး။ နို့လို့လဲ သေကြရဝူးနင်း။ ဖရားဟ နို့လို့ အဲ့အသီးဝို စားလိုက်ဟင် ဖရားရှင်လိုမျိုးရီး အသိဉာဏ်ပညာလေရရှိသွားမာဝို သိဟဲ့မို့ တားမြစ်ထားဆွာဖြစ်ဟယ်" ဝို့ပြန်ပြောလိုက်ဟယ်။ လူမိန်းမဟ လှပပီးအရသာရှိပုံပေါ်ဟဲ့ အဲ့အသီးဝို ကြည့်ပီးဟား "ဟေအသီးဝို စားလိုက်ရဟင် ဟေအသီးဟ ငါ့ဝိုအသိဉာဏ်လေရစေမာရီးနင်း" ဝို့သူစဥ်းစားလိုက်ဟယ်။ အဲခါ သူမဟာ အဲ့အသီးဝို ခူးယူစားသုံးလိုက်နင်း။ အာဒံဝိုလဲ ကျွေးသဖြင့် အာဒံဟလဲ စားလိုက်ဟယ်။ တလန့်ရီးဆိုသလို သူလို့ဟ အဝတ်အစားယေ ဝတ်ဆင်ထားခြင်းမရှိဆွာဝို သိရှိ ခံစားလိုက်ရဟယ်။ သူလို့ဟာ အရှက်တရားဝို ကာကွယ်ဖို့ ချက်ချင်း ဆိုသလိုရီး သစ်ရွက်လေနဲ့ဖုံးကွယ်လိုက်ဟယ်။ ညနေချိန်ရောက်လာဟဲ့ခါ သူလို့ဟာဥယျာဉ်ထဲမာ ဖရားရှင်လမ်းလျှောက်နီဟဲ့ အသံဝို ကြားဟဲ့ကြနင်း။ ချက်ချင်းရီး သူလို့ဟာ ကြောက်လန့်ဆွာဝို ခံစားမိပီး အပင်လေ ကြားထဲမာ အောင်းနီကြရဟယ်။ "အာဒံ နို့ပစာနားမာနင်း" ဝို့ ဖရားဟ မေးလေဟာ အာဒံဟ သူပြန်ဖြေရမာဆိုဆွာဝို သိဟဲ့မို့ "ငါဝို ဖရားရှင် ဥယျဥ်ထဲမာ လမ်းလျှောက် နီဆွာဝို ကြားလေနင်း။ ဟေပေမဲ့ ငါလို့ဟာ ကိုယ်လုံးတီးချဲချဲဖြစ်နီဟဲ့မို့ ကြောက်ပီး အောင်းနီရဟယ်" ဝို့ပြန်ဖြေလိုက်နင်း။ "နို့လို့ဝို ကိုယ်လုံးတီးချဲချဲဝို့ ပစာသူဟ ပြောနင်း။ ငါတားမြစ်ဟားဟဲ့ အပင်ဟအသီးဝို နို့လို့စားလိုက်ဆွာဝါး" ဝို့ဖရားရှင်ဟမေးဟယ်။ "ဖရားရှင်ဖန်ဆင်းပေးဟားဟဲ့ လူမိန်းမဟ ငါ့ဝို ကျွေးဟဲ့ဆွာနင်း။ အဲ့ဟာကား သူမဟဲ့အပစ်နင်း။ သူမကျွေးဟဲ့မို့

ငါအဲ့အသီးဝို စားလိုက်ရဆွာရီးဖြစ်နင်း” ဝို့ အာဒံဟ ပြန်ဖြေဟယ်။ ဖရားဟ ဧဝဝို “နို့ဟ ပစာဖြစ်ဝို့ ဟေလိုမျိုးရီးလုပ်ရဆွာနင်း” ဝို့မေးလိုက်ဟယ်။ အဲ့ခါမာ “ဟေဆွာဟာ မြွေဟဲ့အမှားနင်း။ မြွေဟ အဲ့အသီးဝို ငါစားအောင် လှည့်ဖြားဆွာ ကြောင့်နင်း” ဝို့ ဧဝဟ ပြန်ဖြေဟယ်။ ဖရားဟ မြွေဝို “နို့ဟ ဟေဟာဝို လုပ်လိုက်ဟဲ့မို့ တခြားတိရစ္ဆာလေထက် အပစ်ဒဏ်ပိုခံရမာနင်း။ ဟေခုဟစပင်း နို့ဟာ ဝမ်းဗိုက်နဲ့တော် တွားသွားရမာနင်း။ လူသားလေနဲ့ နိလို့ဟာ အချင်းချင်းရီး မုန်းတီးကြရမာနင်း။ နိဟာ လူဟဲ့ခြေထောက်လောက်တော် ဒဏ်ရာရစေဟဲ့ချိန်မာတောင်လူလေဟ နိဝို သေစေဟဲ့ထိ ရန်တုန့်ပြန်ဆွာခံရမာနင်း” ဝို့ပြောဟဲ့အယ်။ ဖရားရှင်ဟ လူမိန်းမဝို “နိဟာ မီးဖွားဆွာအမှုဝို ပြုဟဲ့ခါ ရမ်းဆကြီးဟဲ့နာကျင်မှုဝို ခံစားရမာနင်း။ နို့ဟာ လင်ယောကျ်ားဝို သြဇာညောင်းချင်ဟဲ့လဲ လင်ယောကျ်ားဟတော် နို့အပေါ်နားမာ သြဇာညောင်းမာရီး။ ဟေခုဟစလို့ နို့ဟာလင်ယောကျ်ားဟဲ့လိုအင်ဆန္ဒလေဝို ဖြည့်ဆည်းပေးရမာနင်း” ဝို့ပြောဟဲ့ အယ်။ ဖရားရှင်ဟ အာဒံဝို “ငါဟာ နို့ဝို ဟေအပင်ဟအသီးဝို မစားဖို့ သေချာရီးတားမြစ်ဟဲ့အယ်။ နိဟ မလိုက်နာခဲ့ဝူး။ကမ္ဘာမြေကြီးဟာ နို့ကြောင့်နဲ့ ဒုက္ခဆင်းရဲခံစားရမာနင်း။ ဟေခုဟစလို့ နို့ဟာ အစားသောက်လေဖို့ အလုပ်လုပ်ရမာနင်း။ မြေကြီးဟကား နို့ဝိုဆန့်ကျင်မာရီး။ မြေကြီးဟနေ မြက်ရိုင်းလေ၊ ခြုံနွယ်လေထွက်လာမာနင်း။ နို့ဟာ နို့ဖြစ်တည်လာဟဲ့ မြေမှုန်ဘဝဝို ပြန်မသွားခင်ချိန်ထိ ချွေးလေနဲ့ပင်ပန်းဆင်းရဲဆွာ အလုပ်လုပ်ရမာနင်း” ဝို့ပြောဟဲ့အယ်။ ဖရားရှင်ဟာ လူယောကျ်ားနဲ့ လူမိန်းမဝို တိရစ္ဆာန်သားရေနဲ့ပြုလုပ်ဟားဟဲ့ အဝတ်စားလေဝတ်ဆင်ပေးဟဲ့အယ်။ ပီးဟား သူလို့ဝို ဥယျာဉ်ထဲဟနေ မောင်းထုတ်လိုက်နင်း။ သူလို့ဟာ ဥယျာဉ် ပြင်ပမာဟားအစားသောက်စားရဖို့ မြေကြီးနားမာ ထွန်ယက်စိုက်ပျိုးကြရဟယ်။ ဖရားရှင်ဟာ နတ်ဒေဝါဝို ဥယျာဉ်ပြင်ပဟနေ စောင့်ရှောက်စေဟဲ့အယ်။ အဲ့အချိန်ဟစပင်း လူလေဟာ အသက်သစ်ပင်နဲ့ ခွဲခြားဆွာခံလိုက်ရလေ ဟယ်။



## ၂။ အနန္တမေတ္တာရှင် ကိုယ်တော်ယေရှုဝို့ဖွားမြင်တော်မူဆွာ(မဿဲ ၁၊ လုကာ ၂)

ပီးဟ့ဲတဲ့ နှစ်ပေါင်း (၂၀၂၃)ဝန်းကျင်၊ ဗုဒ္ဓဖရား ပရိနိဗ္ဗာန်စံတော်မူပီး နှစ်ပေါင်း (၅၆၃) ခုနှစ်မာ အစ္စရေးတိုင်းပြည်မာ မာရိလို့ခေါ်ဟ့ဲ မိန်းခလေးတယောက်နားဝို့ နတ်ဒေဝါတပါး ရောက်လာဟ့ဲအယ်။ အစ္စရေးနိုင်ငံဟာ အနောက်တောင် အာရှမာတည်ရှိလေနင်း။ အဲ့ချိန် အစ္စရေးမာ ဥပဒေမစိုးမိုးပဲ ရက်စက်ကြမ်းကြုပ်တဲ့ ရောမ အင်ပါယာဟ့ဲ စစ်တပ်ဟ အုပ်ချုပ်ဟ့ဲအချိန်ဖြစ်ဟယ်။ မာရိဟာ ယောသပ်ဝို့ ခေါ်ဟ့ဲ လူတယောက်နဲ့ စေ့စပ်ထားဆွာဖြစ်နင်း။ နတ်ဒေဝါဟ မာရိဝို "မာရိ၊ နို့ဟာ ဖရားရှင်ကောင်းချီးပေးပီနင်း" ဝို့ပြောဟ့ဲအယ်။ မာရိဟာ အံ့သြပီး ဆို့အနီဟ့ဲမို့ ပစာလိုမျိုးပြောရမာနင်း မသိဖြစ်နီဟ့ဲအယ်။ "မကြောက်နဲ့မန့်၊ နို့ဟာ ဖရားရှင်ဟ့ဲ ရွေးကောက်ဆွာဝို ခံလိုက်ရဆွာဖြစ်အယ်။ နို့ဟာ သားတော်တပါးဖွားမြင်မာနင်း။ သူ့ဝို ယေရှုဝို့ နံမယ်ပေးမန့်။ သူဟာ ကြီးကျယ်မြင့်မြတ်ပီး သူ့ဟ့ဲ သာသနာတော်ဟာ အဆုံးမရှိ ကျယ်ပြန့်မာနင်း" ဝို့ နတ်ဒေဝါဟ ပြောဟ့ဲအယ်။ အဲ့ခါ မာရိဟ "ဟေဆွာဟာ ပစာလိုမျိုးမှ ဖြစ်နိုင်ဝူးနင်း။ ငါဟာ အပျိုစင်တယောက်ဖြစ်ဟယ်" ဝို့ ပြန်ပြောဟ့ဲအယ်။ နတ်ဒေဝါဟ "နို့ဟာ ဖရားရှင်ဟ့ဲ ဘုန်းတော်ကြောင့် ကိုယ်ဝန်ရမာရီးဖြစ်ဟယ်။ အဲ့ကြောင့်မို့ ဟေလပ့ဲငယ်ဟာ ဖရားရှင်ဟ့ဲသားတော်ဝို ခေါ်တွင်ရမာနင်း။ ဟေလပ့ဲငယ်ဟာ သာမန်ကလေးငယ် တယောက်ဟုတ်ဝူးနင်း။ သူ့ဟ့ဲသွေးသားလေဟလဲ ကမ္ဘာ့ပထမဦးဆုံး လူမိန်းမဖြစ်ဟ့ဲ ဧဝနားဟနေ ဆင်းသက်လာဟ့ဲ သူလဲဟုတ်ဝူးနင်း။ သူ့ဟ့ဲအသက်ဝိဉာဏ်တော်ဟာ နိဗ္ဗာန်ရွှေမြို့တော်ဟနေ ဆင်းသက်လာဆွာဖြစ်နင်း" ဝို့ ပြောဟ့ဲအယ်။ နတ်ဒေဝါဟ ထပ်ပီး "မာရိ၊ ဖရားရှင်ဖို့ အရာအားလုံးဟာ ဖြစ်နိုင်နင်း" ဝို့နတ်ဒေဝါဟ ပြောဟ့ဲအယ်။ မာရိဟလဲ နားလည်သဘောပေါက် သွားဟ့ဲမို့ "ငါဟာ ဖရားရှင်ဟ့ဲ အမှုတော်ဆောင်ဆွာဖြစ်ဟယ်။ အသင်ပြောကြားဆွာလေ အားလုံးဝိုလဲ ဖြစ်စေရမာနင်း" ဝို့ ပြန်ဖြေဟ့ဲ အယ်။ မာရိနဲ့ စေ့စပ်ထားဟ့ဲ ယောသပ်ဟာ မကြာခင်မာပဲ မာရိမာ ကိုယ်ဝန်ရှိနီဆွာဝို သိရှိသွားဟ့ဲလေနင်း။ သူဟာလပ့ဲဟ့ဲ အဖေ အရင်းမဟုတ်ဆွာဝိုလဲ သိဟ့ဲအယ်။ ယောသပ်ဟာ ရမ်းဆရိုးသားဖြောင့်မတ်ဟ့ဲသူ ဖြစ်ဟ့ဲမို့ မာရိဝိုလဲ အရှက်မရစေချင်ဟ့ဲဝူး။ အဲ့ကြောင့်မို့ သူဟာ မာရိနဲ့စေ့စပ်ထားဆွာဝို တိတ်တိတ်လေးဖျက်သိမ်းပေးဖို့ စဉ်းစားလိုက်ဟယ်။ သူဟာ အဲ့အကြောင်းလေဝို စဉ်းစားနီဟ့ဲအချိန်မာတော် နတ်ဒေဝါတပါးဟ ယောသပ်ဟ့ဲစိတ်ကူးအိပ်မက်ထဲဝို ရောက်လာဟ့ဲပီး "ယောသပ်၊ မာရိဝို နို့ဟ့ဲမိန်းမအနေနဲ့ လက်ခံရမာဝို မကြောက်ပါနဲ့မန့်။ သူမ ကိုယ်ဝန်ဆောင်ထားရဟ့ဲ လပ့ဲငယ်ဟာ ဖရားရှင်ဟ့ဲ ဘုန်းတန်ခိုးကြောင့်ဖြစ်ဟယ်။ ဟေလပ့ဲငယ်မွေးဖွားလာဟ့ဲ အချိန်မာကိုယ်တော်ယေရှုဝိုတော် နံမယ်ပေးမန့်။ ယေရှုဆိုဟ့ဲနာမတော်ဟာ ကယ်တင်ရှင်ဝို့ အဓိပ္ပါယ်ရဟယ်။ ပစာဖြစ်ဝို့ သူဟာလူအပေါင်းဝို သူလို့ဟ့ဲ ဒုက္ခဆင်းရဲဟနေလွတ်မြောက်စေဖို့ ကယ်တင်မာဖြစ်နင်း" ဝို့ နတ်ဒေဝါဟ ပြောဟ့ဲအယ်။ ယောသပ်ဟာ မာရိဝို မိန်းမမယားအနေနဲ့ လက်ခံဟယ်။ အဲ့ချိန်မာ ရောမအင်ပါယာဟ့ဲ စစ်တပ်ဟဂျူးလူမျိုးလေဟ့ဲ မိသားစုလူဦးရေစာရင်းလေဝို ရေတွက်ချင်ဟ့ဲမို့ သူလို့ဟ့ဲမိသားစုလေနားဝို ပြန်သွားဖို့ ပြန်ခိုင်းဟ့ဲအယ်။ အဲ့ကြောင့်မို့ မာရိနဲ့ယောသပ်လို့ဟာလဲ ဝေးလွန်းဟ့ဲအရပ်နားမာရှိဟ့ဲ ဗက်လင်မြို့နားဝို့ သွားဟ့ဲရလေအယ်။ အဲနေရာမာရှိနေတုန်း မာရိကလေးမီးဖွားဖို့ အချိန်ကာလဝိုရောက်လာလေအယ်။

အဲ့ပြင် မာရိနဲ့ ယောသပ်လို့ဟဲ့ မိသားစုလေဟာ ဗက်လင်မြို့နားမာ ရှိမနီတော့ဝူး။ ကံမကောင်းအကြောင်းမလှစွာနဲ့ သူလို့ အဲ့မြို့နားဝို့ ရောက်ဟဲ့ခါ တည်းခိုစရာနီရာလေဟာ နီရာပြည့်နီပီရီး ဖြစ်ဟယ်။ ယောသပ်နွားတင်းကုတ်တခုနားမာ နီထိုင်ဖို့ ပြင်ဆင်ဟဲ့နင်း။ အဲ့နေ့ညမာရီး မာရိဟာ ယေရှုဝို ဖွားမြင်ဟဲ့အယ်။ ကယ်တင်ရှင်ဖရားဖွားမြင်လာပီနင်း။ မာရိဟာ သူငယ်တော်ယေရှုဝို အဝတ်လေနဲ့ရစ်ပတ် ဝတ်ဆင်ပေးပင်း နွားစာခွက်ထဲမာ ထည့်ထားဟဲ့အယ်။ အဲချိန်မာ အနီးနားမာရှိဟဲ့ စားကျက်ထဲမာရှိတဲ့ သိုးလေဝိုထိန်းကျောင်းနီဟဲ့သိုးထိန်းအုပ်စုရှိလေနင်း။ ချက်ချင်းရီးဆိုစလိုမျိုး နတ်ဒေဝါတပါးဟာ သိုးထိန်းလေနဲ့တူတူ လာရပ်နီဟဲ့ပီး ကောင်းကင်တခုလုံးဟာလဲ အလင်းရောင်လေနဲ့ လင်းထိန်သွားဟဲ့အယ်။ သိုးထိန်းလေဟာလဲ ထိတ်လန့်သွားကြလေနင်း။ အဲ့ခါ နတ်ဒေဝါဟ "မကြောက်ကြနဲ့မန့်၊ ငါဟာနို့လို့ဝို သတင်းကောင်းပေးဖို့ လာဟဲ့ဆွာရီးဖြစ်နင်း" ဝို့ပြောလေအယ်။ အေးပင်း အနီးနားမာရှိဟဲ့မြို့နားဝို့ ညွှန်ပြပင်း "ဟေနေ့မာ ကယ်တင်ရှင်ဖရားဝို ဗက်လင်မြို့နားမာ ဖွားမြင်ဟဲ့ပီးဖြစ်နင်း။ သူဟာ မေရှိယ (ကယ်တင်ရှင်) ဖြစ်ဟယ်။ အဲ့အရပ်နားဝို့ သွားပင်းအဝတ်စနဲ့ ရစ်ပတ်ထားပီးနွားစာခွက်ထဲမာသိပ်ဟားဟဲ့ သူငယ်တော်ယေရှုဝို သွားရောက် ဖူးမြော်ကြမန့်" ဝို့ပြောလေဟယ်။ ချက်ချင်းရီး ကောင်းကင်တခုလုံးဟာ ကိုယ်တော်ယေရှုဝို လာရောက်ဖူးမြော်ကြဟဲ့ နတ်ဒေဝါအပေါင်းလို့နဲ့ ပြည့်နက်သွားလေနင်း။ အဲ့နတ်ဒေဝါလို့ဟာ "ကြီးကျယ်မြင့်မြတ်ဟဲ့ ဖရားရှင်ဝို ဆည်းကပ်လေဟယ်။ ဟေကမ္ဘာမြေပေါ်ဟ လူသားတိုင်းဝို ငြိမ်းချမ်း စေမန့်" ဝို့ ချီးမွမ်းသီချင်းလေသီဆိုကြပင်း ပျောက်ကွယ်သွားကြလေဟယ်။ သိုးထိန်းသမားလေဟာလဲ အဲ့နတ်ဒေဝါလေ ပြောဟဲ့တိုင်း ချက်ချင်းရီးလုပ်ဟဲ့ကြနင်း။ သူလို့ဟာ ဗက်လင်မြို့နားဝို့ သွားပင်း မာရိ၊ ယောသပ်နဲ့ သူငယ်တော်ယေရှုလို့ဝို နတ်ဒေဝါလေ ပြောကြားဟဲ့တိုင်း မြင်တွို့ကြရလေနင်း။ သိုးထိန်းသမားလေဟာ လူ အများတကာလို့ဝို ပစာလိုမျိုး ပစာပုံဖြစ်ပျက်ဟဲ့ဆွာဝို ပြန်ပြောပြ ဟဲ့ခါ လူလို့ဟာ ရမ်းဆရီးအံ့သြကြလေဟယ်။ အေးပင်း သူလို့ဟာ စားကျက်နားဝို့ ပြန်လာဟဲ့ကြလေနင်း။ သူလို့တွို့မြင်ကြရဟဲ့ အရာလေဖို့ ဖရားရှင်ဝို ချီးမွမ်းထောပနာပြုကြလေနင်း။

အရှေ့အာရှဖက်ဟနေ ဉာဏ်ပညာရှိလို့ဟာ မေရှိယဝို ဖွားမြင်ပီးဖြစ်ဆွာဝို ကြားသိကြဟဲ့မို့ အစ္စရေးနိုင်ငံအနောက်အရပ်နားဝို့ မေရှိယဝို ဖူးမြင်ဖို့ လာဟဲ့ကြလေနင်း။ သူလို့ဟာ အရှေ့အရပ်ဟနေထွက်ဟဲ့ ထူးခြားတဲ့ကြယ်ဟဲ့လမ်းပြမှုနောက်နားဝို့လိုက်ပင်း အစ္စရေးပြည်မာရှိဟဲ့ သူငယ်တော်ယေရှုနားဝို့ လာဟဲ့ကြလေနင်း။

ပညာရှိလို့ဟာရောမအင်ပါယာဟဲ့ဘုရင်ခံဝို မေရှိယပစာအရပ်နားမာဖွားမြင်ဟဲ့ဆွာနင်းဝို့ မေးဟဲ့ကြလေအယ်။ ဘုရင်ခံဟာ ဖွားမြင်လာဟဲ့ ကယ်တင်ရှင်ဝို မနာလိုစိတ်ဖြစ်ဟဲ့လေနင်း။ အကြောင်းမာဟား ကယ်တင်ရှင်ဟာ အစ္စရေးနဲ့၊ ကမ္ဘာကြီးဟဲ့ ဘုရင်ဖြစ်လာမာနင်းဝို့ ဟောကိန်းထုတ်ထားဟဲ့မို့ ဖြစ်ဟယ်။ မေရှိယ၊ခရစ်တော် ဆိုဆွာမာ "ကယ်တင်ရှင်" ဆိုပင်း အဓိပ္ပါယ်ရလေဟယ်။ ဘုရင်ခံဟာ စစ်တပ်ဝို သူငယ်တော်ယေရှုအား သတ်ဖို့သွားခိုင်းလိုက်လေဟယ်။ ဟေပေမဲ့

နတ်ဒေဝါလို့ဟာ ယောသပ်ဝို အာဖရိကအရပ်နားမာရှိဟဲ့ အီဂျစ်ပြည်နားဝို့ ထွက်ပြေးတိမ်းရှောင်ဖို့ အိပ်မက်ပေးဟဲ့အယ်။ ပညာရှိလို့ဟာ သူငယ်တော်ယေရှူဝို တွို့ဟဲ့ခါ ဝတ်ပြုဟဲ့ကြလေနင်း။ သူလို့ယူဆောင်လာဟဲ့ ရွှေလေဝို လက်ဆောင်ပေးကြလေနင်း။ ထူခြားကောင်းမွန်ဟဲ့အမွှေးနံ့သာတိုင်လို့နဲ့ ထောမနာပြုဟဲ့ကြလေအယ်။



## ၃။ကိုယ်တော်ယေရှုမှ ဂရုဏာတရားအကြောင်းဝို သွန်သင်ဆွာ(လုကာ ၁၀း၂၅-၃၇)

တခါတုန်းဟ ဥပဒေတတ်ကျွမ်းသူတယောက်ဟာ ကိုယ်တော်ယေရှုဟဲ့ ဘုန်းတန်ခိုးနဲ့ ဉာဏ်ပညာဝို စမ်းသပ်ဟဲ့အနေနဲ့ ကိုယ်တော်ယေရှုဝို "အဆုံးမရှိဟဲ့ နိစ္စထာဝရအသက်ဝို ရရှိဖို့ ပစာလုပ်ရမာနင်းဝို့ မေးခွန်းထုတ်ဟဲ့အယ်။ အဲ့ခါ ယေရှုဖရားဟ အဲ့ဥပဒေတတ်ကျွမ်းသူဝို "ဥပဒေမာ ပစာလေပြဌာန်းဟားဆွာနင်း၊ အဲ့မာ ပြဌာန်းဟားဟဲ့ အချက်အလက်လေဝို နို့ပစာလိုမျိုးဖတ်ရှုဆွာနင်း" ဝို့ ပြန်ပင်း မေးမြန်းဟဲ့အယ်။

"နို့လို့ဟဲ့ အသဲနှလုံး၊ နာမ်ဝိညာဉ်၊ စိတ်ဓာတ်စွမ်းအားရှိစမျှလို့နဲ့ ဖရားရှင်ဝို ကြည်ညိုသဒ္ဒါပွားမန့်။ ကိုယ့်ကိုယ်ကိုချစ်စလိုမျိုး သူတပါးဝို ချစ်ခင်လေးစားမန့်" ဝို့ ယေရှုဟပြန်ပင်း ဖြေကြားလိုက်ဟယ်။ ကိုယ်တော်ယေရှုဟ "နို့မာ မှန်ကန်ဟဲ့အဖြေရှိဟယ်" ဝို့ပြန်ဖြေလေနင်း။ ဟေပေမဲ့ အဲ့အမှန်တရားဝို အတည်ပြုချင်ဟဲ့မို့ ဥပဒေတတ်ကျွမ်းသူဟ "ငါ့ဟဲ့ အိမ်နီးချင်းကောင်း ဆိုဆွာပစာလိုလူမျိုးဖြစ်ဆွာနင်း" ဝို့ ပြန်မေးဟဲ့အယ်။

ကိုယ်တော်ယေရှုဟ ပြန်ဖြေကြားဟဲ့ဆွာမာ- တခါတုန်းဟ လူတယောက်ဟာ ဂျေရုဆလင်မြို့ဟနေ ယေရိ ခေါမြို့နားဝိုသွားဟဲ့ခါ လမ်းခရီးမာ ဓါးပြလေဟ သူ့ဟဲ့အဝတ်စားလေဝို ချွတ်ယူပီး သေလုခါနီးဖြစ်အောင် ရိုက်နက်ခါ အဝေးရီးဝို ထွက်သွားလေဟယ်။ အဲ့ပင်း ဘုန်းတော်ကြီးတပါးဟာ အဲ့လမ်းတိုင်းလာခါ ဒဏ်ရာလေနဲ့ လဲကျပင်းရှိဟဲ့ သူ့ဝိုမြင်ဟဲ့မို့ တခြားလမ်းဟနေ ရှောင်တိမ်းသွားဟဲ့အယ်။ အဲ့တိုင်းပင် လေဝိအနွယ်ဝင်တယောက်ဟာလဲ အဲ့လမ်းဟနေ ဖြတ်လာပီး သူ့ဝိုမြင်ဟဲ့ခါ တခြားလမ်းဟနေ ရှောင်တိမ်းပင်း သွားဟဲ့လေအယ်။ ဟေပေမဲ့ ရှမာရိမြို့ဟလူတယောက်ဟာ အဲ့လမ်းမာပဲ ဖြတ်လျှောက်လာပီး ဒဏ်ရာလေနဲ့ လဲကျနီဟဲ့သူဝို မြင်ဟဲ့ခါ သနားသွားဟဲ့အယ်။ သူ့ဟဲ့ဒဏ်ရာလေဝိုသက်သာစေဖို့ ဆီနဲ့စပျစ်ရည်လို့ဝို လိမ်းပေးဟဲ့နင်း။ သူ့ဝို ဂရုစိုက်ပီး ကုသပေးဖို့ သူ့ဟဲ့ကိုယ်ပိုင်မြည်းပေါ် ဝိုတင်ပင်း တည်းခိုခန်းငယ်လေးတခုနားဝို့ ခေါ်သွားဟဲ့လေအယ်။ နောက်တရက်မာ တည်းခိုခန်းပိုင်ရှင်နား ငွေဒင်္ဂါးနှစ်ပြားထုတ်ပေးပင်း "သူ့ဝိုဂရုစိုက်စောင့်ရှောက်ပေးမန့်။ အပိုကုန်ကျပိုက်ဆံလေဝိုလဲ ပြန်လာရင် ပြန်ပေးပါ့မယ်" ဝို့ မှာကြားခါ ခရီးဆက်သွားဟဲ့လေအယ်။ ကိုယ်တော်ယေရှုဟ "အဲ့လူသုံးယောက်ထဲမာ ဓါးပြတိုက်ခံရဟဲ့သူ လူဟဲ့အိမ်နီးချင်းဟ အစစ်ဟ ပစာသူဖြစ်မယ်ထင်နင်း" ဝို့မေးဟဲ့မို့ "ဂရုဏာတရားရှိဟဲ့သူ" ဝို့ဥပဒေတတ်ကျွမ်းသူဟ ပြန်ဖြေဟဲ့ခါ ကိုယ်တော်ယေရှုဟ "ဟေနည်းလမ်းတိုင်း လိုက်နာကျင့်သုံးမန့်" ဝို့ပြန်ပင်း မိန့်ကြားဟဲ့လေအယ်။


4

## ၄။ နောင်တသံဝေဂရနီဟဲ့ ဒုစရိုက်သမားတယောက်ဝို ဖရားရှင်ကယ်တင်တော်မူဆွာ (လုကာ ၁၉း ၁-၁၀)

တခါဟ ကိုယ်တော်ယေရှုဟာ  ယေရိခေါမြို့နားဝို ဖြတ်သွားနီဟဲ့အယ်။ အဲ့မြို့နားမာ ဇက်ကဲလို့ခေါ်ဟဲ့ လူ လေနားဟနေ မတရားလိမ်လည်ကောက်ခံရရှိထားဟဲ့ အခွန်လေနဲ့ ချမ်းသာကြွယ်ဝလာဟဲ့ အခွန်ကောက်ဟဲ့သူတယောက်ရှိဟယ်။ သူဟာ ကိုယ်တော်ယေရှုဝို ဖူးမြော်ချင်လဲ အရပ်ပုဟဲ့သူတယောက်ဖြစ်နီပီး လူများနီဟဲ့မို့ ကိုယ်တော်ယေရှုဝို ဖူးမျှော်ခွင့်ရဖို့ အခက်ကြုံနီဟဲ့ရလေအယ်။  အဲ့ကြောင့်မို့ သူဟာ အရှေ့ဘက်နားဝို့ ပြေးသွားခါ ကိုယ်တော်လာမဲ့လမ်းရှိ သဖန်းပင်ပေါ်နားဝို့ တက်ရောက်ပင်း ဖူးမျှော်ဟဲ့လေနင်း။ ကိုယ်တော်ယေရှု အဲ့သဖန်းပင်အနီးနားရောက်ရှိချိန်မာ ကိုယ်တော်ဟ သူ့ဝိုကြည့်ပင်း "ဇကွဲ ဟေခုချက်ချင်း ဆင်းလာဟဲ့မန့်။ ငါဟေနေ့ နို့ဟဲ့အိမ်မာနီမယ်" ဝို့ပြောလိုက်ဟဲ့ခါ သူဟာသဖန်းပင်ပေါ်ဟနေ တခါထဲဆင်းလာပီး ဝမ်းသာသာနဲ့ကြိုဆိုဟဲ့လေအယ်။ အဲ့အဖြစ်ပျက်ဝို လူအပေါင်းလို့ဟာ တွိ့မြင်သွားကြပီး "မတရားလိမ်ညာအခွန်ကောက်ဟဲ့ ဒုစရိုက်သမားတယောက်နားသွားရောက်တဲခိုမယ်" လို့ တိတ်တိတ်လေးဝေဖန်ပြောဆိုနီဟဲ့ကြဟယ်။ အဲ့ချိန်မာ ဇကွဲဟ မတ်တပ်ရပ်ပီး ကိုယ်တော်ဝို "ကြည့်ရှုတော်မူမန့် အရှင်၊ ငါလူလေနားဟ အခွန်လေမတရားလိမ်လည်ကောက်ယူခါ ကျူးလွန်ဟဲ့တဲ့ အပစ်ဒုစရိုက်လေဝို ဝန်ခံဟယ်။ ကျူးလွန်ဟဲ့တဲ့အပစ်လေဖို့လဲ နောင်တသံဝေဂရနီပါပီနင်း။ ဟေခုအချိန်ဟစပီး ငါပိုင်ဆိုင်ဟဲ့ငွေကြေး၊ ပစ္စည်း ဥစ္စာလေဟဲ့တဝက်ဝို မရှိဆင်းရဲသားလေဖို့ လှူဒါန်းပေပါ့မယ်။ တချို့လူလေနားဟ လိမ်ညာပီး ရယူဟားတဲ့ ပိုက်ဆံလေဟဲ့လေးဆပမာနဝိုလဲ ငါပြန်ပင်းပေးအပ်မာ" ဝို့ ပြောဟဲ့အယ်။ အဲ့ခါ ကိုယ်တော်ယေရှုဟာ "ဟေနေ့ ဟေအိမ်ဟ ကယ်တင်ဆွာဝို ရှိဟဲ့ပီဖြစ်ဟယ်။ အာဗြဟံဟဲ့သားတော်တယောက်ဖြစ်ဟဲ့ဟေလူဟာ ကယ်တင်ဆွာဝို ရရှိဟဲ့စလိုမျိုး လမ်းပျောက်နီဟဲ့သူလေလဲ ကယ်တင်ဆွာဝိုရမာရီး" ဝို့ ပြောဟဲ့လေအယ်။



## ၅။ ကိုယ်တော်ယေရှု မကောင်းဆိုးဝါးဝို မောင်းထုတ်ဆွာ (မာကု ၅း၁-၂၀၊  လုကာ ၈း၂၆-၃၉၊ မသဲ ၈း၂၈-၃၄)

တနေ့မာ ကိုယ်တော်ယေရှုနဲ့ သူ့ဟဲ့တပဲ့တော်လို့ဟာ လှေနဲ့ကမ်းခြေတခုနားဝို့ ဆိုက်ရောက်ဟဲ့လေအယ်။ အဲ့နီရာနားမာ သင်္ချိုင်းဂူလို့နား နီထိုင်ဟဲ့ မကောင်းဆိုးဝါးပူးကပ်ခံနီရသူတယောက်လဲရှိဟယ်။ အဲ့မကောင်းဆိုးဝါးပူးကပ်ခံနီရဟဲ့သူဝို နှိမ်နင်းနိုင်ဟဲ့သန်မာဟဲ့ သူတယောက်တောင် မှရှိ ဝူးနင်း။ လူလို့ဟာ သူ့ဝိုသံကြိုးလေနဲ့ တုတ်ချည်ဖို့ အကြိမ်ကြိမ်ကြိုးစားဟဲ့ကြအယ်။ ဟေပေမဲ့ သူဟာ အဲ့သံကြိုးလေဝို အလွယ်တကူချိုးဖျက်နိုင်ဟဲ့အယ်။ သူဟာ ကိုယ်လုံးတီးချဲချဲနဲ့ တောင်ကုန်းလေနဲ့သင်္ချိုင်းဂူလေတဝိုက်နားမာ လှည့်လည်သွားလာနီသူဖြစ်လေဟယ်။ သူဟာ အော်ဟစ်ငိုယိုခါ သူ့ကိုယ်သူ ကျောက်တုံးလေ နဲ့လှီးဖြတ်လေ့ရှိလေနင်း။

သူဟာ ကိုယ်တော်ယေရှုနဲ့ သူ့ဟဲ့တပဲ့တော်လေ လှေပေါ်ဟ ဆင်းလာဆွာဝို မြင်ဟဲ့ခါ ကိုယ်တော်နားဝို့ ပြေးလာပီး ကိုယ်တော်ဟဲ့ ရှေ့တော်မှောက်နားမာ ဒူးထောက်ဟဲ့လေနင်း။ အဲ့ပင်းခါကျန့် သူဟ “ငါလို့ဟာ အရှင်ပစာသူနင်းဆိုဆွာဝို သိလေနင်း။ အရှင်ဟာ ကြီးကျယ်မြင့်မြတ်ဆုံး ဖရားရှင်ဟဲ့ သားတော်ဖြစ်ဟယ်။ ငါလို့တောင်းပန်ဟယ်။ ငါလို့ဝို မညဥ်းပန်းပါနဲ့” ဝို့ ကိုယ်တော်ယေရှုဝို အော်ပြောဟဲ့လေအယ်။

အဲ့ခါ ကိုယ်တော်ယေရှုဟ သူ့ဝို “နို့ဟဲ့နံမယ်ပစာလိုမျိုးခေါ်ဆွာနင်း” ဝို့ မေးခါ သူဟလဲ (မကောင်းဆိုးဝါး အစုအဝေးဝို့ အဓိပ္ပါယ်ရဟဲ့) လေဂေါင်လို့ခေါ်ဟယ်။ ငါလို့ဝို နက်နဲလွန်းဟဲ့ ချောက်ထဲဝို မပို့နဲ့မန့်။ အရှင်ကြည့်ကြည့်မန့်။ အဲ့နီရာနားဟ တောင်ကုန်းပေါ်မာ ဝက်လေအစာစားနီဟယ်။ အဲ့ဝက်လေနားဝို ငါလို့ဝို ပို့ပေးမန့်” ဝို့ ခွင့်ပန်လိုက်လေနင်း။ ကိုယ်တော်ယေရှုဟ အဲ့ဝက်လို့ဝို့ကြည့်ပီး “သင်သွားနိုင်ပီနင်း” ဝို့ ပြောလိုက်ဟယ်။ အေးပင်း မကောင်းဆိုးဝါးလေဟာ အဲ့လူနားဟနေထွက်ခွာပီး ဝက်လေနားဝို့ ဝင်ရောက်သွားဟဲ့ကြလေအယ်။ အဲ့ခါ ဝက်အကောင်ရေ ၂၀၀၀ လုံးဟာ တောင်အောက်နားဝို ပြေးဆင်းခါ မြစ်ထဲဝိုခုန်ချနစ်မြုပ်သွားကြလေဟယ်။ အဲ့အဖြစ်ပျက်လို့ဝို မြင်တွိ့ဟဲ့ဝက်လေဝို ထိန်းကျောင်းဟဲ့သူလို့ဟာ မြို့ထဲဝို့ပြေးသွားခါ သူလို့ကြုံတွိ့ရဟဲ့အဖြစ်အပျက်လေဝို လူလေဝို ပြန်ပင်းပြောပြဟဲ့အယ်။ အဲ့ခါ လူလို့ဟ အဲ့အဖြစ်ပျက်ဝို သူလို့တတ်တိုင်းကြည့်ရှုဖို့ စုရုံးရောက်ရှိလာဟဲ့ကြအယ်။ အဲ့သူလို့ရောက်ရှိလာဟဲ့ခါ မကောင်းဆိုးဝါးဝင်ပူးခံရသူဟာ အဝတ်စားအပြည့်စုံဝတ်ဆင်ပင်း တိတ်တိတ်လေးနီထိုင်ပီး စိတ်ကောင်းပကတိအတိုင်းပြန်ဖြစ်နီဆွာဝို တွိ့ဟဲ့ကြရဟယ်။ အဲ့လူဟ သူဖြစ်ပျက်ဟဲ့အရာလို့ဝို လူလေဝိုထပ်မံပြောပြဟဲ့အယ်။ အဲ့ခါ လူလို့ဟာ ကိုယ်တော်ယေရှုဝိုကြောက်ရွံ့သွားပီး ထွက်သွားဖို့တောင်းဆိုဟဲ့ကြလေနင်း။


ကိုယ်တော်ယေရှု လှေပေါ်နားပြန်ရောက်ဟဲ့ခါ မကောင်းဆိုးဝါးပူးကပ်ခံဟဲ့ရသူဟ “ကျေးဇူးပြုပင်း ငါ့ဝိုပါ ကိုယ်တော်ယေရှုနဲ့တူတူ လိုက်ပါခွင့်ပေးမန့်” ဝို့ပြောဟဲ့အယ်။ ဟေပေမဲ့ ကိုယ်တော်ယေရှုဟ သူ့ဝို “နို့ဟဲ့လူလေနား ပြန်သွားမန့်။ ဖရားရှင်ဟ နို့ဖို့ ပစာလောက်တောင်လုပ်ဆောင်ပေးဟဲ့ဆွာနင်းဆိုဆွာဝို

လူလေဝိုပြောပြမန့်။ ဖရားရှင် နို့ပေါ်ထားရှိဟဲ့ မေတ္တာ၊ အကြင်နာတရားလေဝို ပြောမန့်” ဝို့ပြောခါ ကိုယ်တော်ယေရှုနဲ့ သူ့ဟဲ့တပဲ့တော်လို့ဟာ ရေကန်ဟဲ့တဖက်မာရှိဟဲ့ ဂျူးလူမျိုးလေနား ထွက်ခွာသွားဟဲ့ကြအယ်။ မကောင်းဆိုးဝါးပူးကပ်ခံဟဲ့ရသူဟာလဲ သူနီထိုင်ရာမြို့နားဝိုပြန်သွားဟဲ့ပီး ကိုယ်တော်ယေရှုဟာ သူ့ဖို့လုပ်ဆောင်ပေးဟဲ့ ဆွာလေဝို လူလေဝို ပြန်ပင်းပြောပြခါ လူလေဟာ တအံ့တသြဖြစ်ဟဲ့ကြလေအယ်။


6

## ၆။ ကိုယ်တော်ယေရှု လူပေါင်းငါးထောင်ကို ကျွေးမွေးတော်မူဆွာ(ယောဟန် ၆း၁-၁၅)

နောက်တခါကျန့်ဟား ကိုယ်တော်ယေရှုဟာ ဂါလိလဲပင်လယ်နဲ့ ဝေးလွန်းဟဲ့ ပင်လယ်ကမ်းခြေတခုဝို ဖြတ်သွားဟဲ့အယ်။ လူလေဟ ကိုယ်တော်ယေရှုဟာ နာမကျန်းသူဖြစ်နီသူလေဝို ကုသပေးနိုင်ကြောင်း မြင်တွိ့ရဟဲ့မို့ ကြီးမားဟဲ့လူထုပရိတ်လို့ဟာ ကိုယ်တော်ယေရှုဟဲ့ အနောက်ဟနေလိုက်လာဟဲ့ကြနင်း။ အဲ့ပင်းခါကျန့် ကိုယ်တော် ယေရှုနဲ့ သူ့ဟဲ့တပဲ့တော်လေဟာ တောင်ပေါ်ဝို့တက်ပီး ထိုင်နီဟဲ့ ကြအယ်။ ဟေချိန်ဟ ပသခါပွဲတော်လို့ခေါ်ဟဲ့ အစ္စရေးလူမျိုးလေအီဂျစ်ဟနေ လွတ်မြောက်ဟဲ့အထိမ်းအမှတ်ပွဲတော်ကျင်းပဖို့ အချိန်နီး ကပ်နီပီရီးဖြစ်ဟယ်။ ရမ်းဆများဟဲ့ လူအုပ်ကြီးဟာ ကိုယ်တော်နားဝို့ လာနီဆွာဝိုတွိ့ရဟဲ့ခါ ကိုယ်တော်ယေရှုဟ ဖိလိပ္ပုဝို "ဟေလူလေစားသောက်ဖို့အစားသောက်လေဝို ငါလို့ပစာနားမာ ဝယ်လို့ရနိုင်မာနင်း" ဝို့ မေးလိုက်ဟယ်။ ကိုယ်တော်ယေရှုဟ ဖိလိပ္ပုဝို စမ်းသပ်ချင်ဟဲ့မို့တော်မေးလိုက်ဆွာရီးဖြစ်ဟယ်။ ကိုယ်တော်ယေရှုဟာ ပစာလေလုပ်ရမာနင်းဆိုဆွာဖို့ သိနီပီးသားဖြစ်နင်း။ ဖိလိပ္ပုဟ "ဟေရမ်းဆများလွန်းဟဲ့ လူလေဖို့ ပေါင်မုန့်တကိုက်စာလောက် တော်ရှာရမာဆိုဟင်တောင်၊ နှစ်တဝက် (၆လ) ထက်မကတဲ့ငွေကြေးလိုမာရီးနင်း" ဝို့ ပြန်ဖြေဟဲ့အယ်။ တခြားတပဲ့တော် လေထဲဟ တစ်ယောက်ဖြစ်ဟဲ့ရှိမုန်ပေတရုဟဲ့ညီ၊အန္ဒြေဟလဲ "ဟေအနီးနားရှိ လူငယ်ကောင်လေးတယောက်နားမာဟား စားသောက်ဖို့ မုယောပေါင်မုန့်ငါးခုနဲ့ ငါးနေ ကောင်ရှိ လေဟယ်။ ဟေပေမဲ့ ရမ်းဆများလွန်းဟဲ့လူအုပ်ကြီးဖို့ခါကျန့်ဟား မလောက်ဝူးဆိုဆွာ သေချာသလောက်ပဲ" ဝို့ ပြန်ပင်း ဖြေကြားဟဲ့အယ်။ အဲ့ချိန်မာကိုယ်တော်ယေရှုဟ အရေအတွက်အနေနဲ့ လူပေါင်းငါးထောင်ကျော်လောက်ရှိဟဲ့ လူအုပ်စုကြီးဟာ မြက်ခင်းပြင်ပေါ်နားမာ ထိုင်ချလိုက်ကြနင်း။ ကိုယ်တော်ယေရှုဟာ လူငယ်ကောင်လေး နားဟနေ ပေါင်မုန့်ဝိုယူလိုက်ခါ ဖရားရှင်ဟဲ့ ကျေးဇူးတော်ဝို ချီးမွမ်းပီးဟဲ့ခါမာဟား လူအုပ်ကြီးဖို့ ပေါင်မုန့်လေဝို သူလို့လိုချင်စလောက်ပေးဝေနိုင်ဟဲ့အယ်။ ငါးလေဝိုလဲ ဟေနည်းတိုင်းတော် လူလေနားလုံလောက်အောင် မျှဝေပေးနိုင်ဟဲ့အယ်။ လူလေအားလုံးစားသောက်ပီးခါကျန့်ဟား ကိုယ်တော်ယေရှုဟ သူ့ဟဲ့တပဲ့တော်လေဝို "လူလေစားသောက်ပီး ပိုနီဟဲ့အစားအသောက်လေဝို ကောက်သိမ်းလိုက်မန့်။ အလေအလွင့်မဖြစ်စေနဲ့မန့်" ဝို့ ပြောလိုက်ဟယ်။ အဲခါ တပဲ့တော်လေဟာ ပေါင်မုန့်ငါးခုနဲ့ ငါးနေကောင်ဟနေ လူလေနားခွဲဝေပေးဟဲ့ပီး ပိုနီဟဲ့အစားအသောက်လေဝို ခြင်းတောင်းကြီးဆယ့်နေခုနဲ့ လိုက်သိမ်းဟဲ့ရအယ်။ လူလေဟာ ကိုယ်တော်ယေရှုဟဲ့ ကျွေးမွေးပေးဆွာဝို မြင်ပီး "ဟေဆွာဟာကမ္ဘာပေါ် ဝို ကြွရောက်လာမယ်ဆိုဟဲ့ ပရောဖက်ဘဲဖြစ်ရမယ်..ဟု" ဝို့ရေရွတ်ဟဲ့ကြနင်း။ ကိုယ်တော်ယေရှုဟာ သူ့ဝို လူလေဟ သူလို့ဟဲ့ ဘုရင်အဖြစ်ဝို့ တွန်းပို့ချင်မှန်းသိဟဲ့မို့ တောင်ကုန်းပေါ်ဟ ပြန်လာဟဲ့တော့ဟယ်။


7

## ၇။ ကိုယ်တော်ယေရှုကို လက်ဝါးကပ်တိုင်ပေါ်နားဝို့တင်ပင်း သတ်ဆွာ(လုကာ ၂၃း၁-၅၆)

ကိုယ်တော်ယေရှုဟာ သစ္စာဖောက်ဆွာခံရမာနင်း။ ဂျူးလူမျိုးအကြီးအကဲလေနဲ့ ရောမစစ်သားလို့ဟဲ့လက်ထဲဝို့အပ်နှံဆွာခံရပီး၊ လက်ဝါးကပ်တိုင်ပေါ်တင်ခါ အသတ်ခံရပီး သုံးရက်မြောက်နေ့မှာ ပြန်ပင်းရှင်ပြန်ထမြောက်မာဝို့ ကြိုတင်ဟောကိန်းထုတ်ထားဟဲ့အယ်။ သူ့ဟဲ့သေဆုံးဆွာဟာ မတော်တဆဖြစ်တုန်းမဟုတ်ပဲ ကမ္ဘာပေါ်မာရှိဟဲ့အပစ်သားလေဟဲ့အပစ်လေဝို ခွင့်လွှတ်ဆွာခံရဖို့ ဖရားရှင်ဟဲ့အစီစဉ်လေထဲဟ တခုဖြစ်ဟယ်။ အဲ့ပြင် သူပြောဟဲ့တဲ့အတိုင်းရီး ဖြစ်ပျက်ဟဲ့လေနင်း။ ကိုယ်တော်ယေရှုဟဲ့တပဲ့လေထဲဟတယောက်ဖြစ်ဟဲ့ယုဒဟာ ကိုယ်တော်ယေရှုဝို ပိုက်ဆံကြောင့်နဲ့ သစ္စာဖောက်ဟဲ့ပီး ဂျူးတရားရုံးရှေ့မှောက်မာ အပစ်ဒဏ်ခံရဖို့ ကိုယ်တော်ယေရှုဟာ မေရှိယဘုရင်ဝို့ ပြောဟဲ့ကြောင်း လိမ်ညာထွက်ဆိုဟဲ့အယ်။ ရောမကေရာဇ်နားဝို့ ပြည်သူလေ အခွန်အခမပေးဖို့ စည်းရုံးသင်ကြားပေးဟဲ့ဟယ်ဆိုပင်းလဲ လိမ်ညာထွက်ဆိုဟဲ့အယ်။ ကိုယ်တော်ယေရှုဟာ စစ်သားလေဟဲ့ဖမ်းသွားဆွာခံဟဲ့ရပီး သူခိုးနေယောက်နဲ့တူတူ ကားစင်ပေါ်မာ ချိတ်ဆွဲထားဆွာခံဟဲ့ရလေနင်း။ စစ်သားလေဟ ကိုယ်တော်ယေရှုဝို သတ္တုနဲ့ပြုလုပ်ဟားဟဲ့ကြာပွတ်နဲ့ (၃၉)ကြိမ်ရိုက်နက်ဟဲ့အယ်။ ကိုယ်တော်ယေရှုဟဲ့ဝတ်ရုံဝို့ချွတ်ပင်း ရိုက်နက်ခါ လှောင်ပြောင်ဟဲ့ကြနင်း။ လက်ဝါးကပ်တိုင်ပေါ်မာ လက်လေ၊ ခြေလေဝိုလဲ သံနဲ့ရိုက်နက်ဟဲ့အယ်။ ကိုယ်တော်ယေရှုဟာ လက်ဝါးကပ်တိုင်ပေါ်မာ ခြောက်နာရီလောက်ကြာဟဲ့ထိ ချိတ်ဆွဲခံဟဲ့ရပီးခါကျန့် သူ့ဝိုနိပ်စက်သတ်ဖြတ်နီသူလေဝို ခွင့်လွှတ်ပေးဖို့ ဖရားရှင်နား တောင်းဆိုဟဲ့အယ်။ ကိုယ်တော်ယေရှုဟာ ကျယ်လောင်ဟဲ့အသံနဲ့ "အဖဖရားရှင်၊ ငါ့ဟဲ့အသက်ဝိညာဉ်ဝို နို့လက်ထဲဝို့ ပေးအပ်ဟယ်" ဝို့ကြွေးကြော်ခါ နောက်ဆုံးထွက်သက်ဝို ရှူရှိုက်ဟဲ့လေနင်း။ ရောမအရာရှိဟာ အလုံးစုံဝိုမြင်တွိ့ပီးခါကျန့် ဖရားရှင်ဝိုဆုတောင်းပင်း "အဲ့သူဟ အဟုတ်တတ်ရီးသူတော်စင်ဖြစ်ဟယ်" ဝို့ပြောလေအယ်။ အဲ့ချိန်မာ အဖြစ်ပျက်အလုံးစုံဝို မျက်မြင်သက်သေအနေနဲ့ ကြည့်ရှုဖို့ စုဝေးနီဟဲ့လူအုပ်ကြီးဟလဲ အဲ့အရာလို့ဝိုတွိ့မြင်ပီးခါကျန့် ရင်ထုမနာဖြစ်ခါ ထွက်သွားလေဟယ်။ ဂါလိလဲဒေသဟစပင်း ကိုယ်တော်ယေရှုနောက်နားဝို့ လိုက်ဟဲ့ကြတဲ့မိန်းခလေးလို့အပါအဝင် ကိုယ်တော်ယေရှုဝို သိဟဲ့သူလို့ဟလဲ မနီးမဝေးနားမာ ရပ်နီကြပီး အဖြစ်ပျက်လေဝို ကြည့်နီဟဲ့ကြလေအယ်။ ကောင်စီအဖွဲ့ဝင်တယောက်ဖြစ်ဟဲ့ယောသပ်ဆိုသူဟာ ရိုးသား၊ ဖြောင့်မှန်သူတယောက်ဖြစ်ပီး ကိုယ်တော်ယေရှုအပေါ်လုပ်ဟဲ့တဲ့လုပ်ရပ်နဲ့ ဆုံးဖြတ်ချက်လေဝို သဘောမတူသူတယောက်ဖြစ်ဟယ်။ ယောသပ်ဟ အရိမသဲရွာဟနေ လာသူဖြစ်ပီး ဖရားရှင်ဟဲ့သာသနာတော်ဝို စောင့်မျှော်နီသူတယောက်လဲဖြစ်ဟယ်။ ယောသပ်ဟာ ပိလတ်မင်းနားသွားပီး ကိုယ်တော်ယေရှုဟဲ့ရုပ်အလောင်းတော်ဝို သင်္ဂြိုဟ်ဟားဆွာမရှိဟဲ့ ကျောက်ဂူသင်္ချိုင်း တွင်းနားမာ နီရာချဟားဟဲ့အယ်။ အဲ့နေ့ဟာ ပြင်ဆင်ရာနေ့ဖြစ်ပီး ဥပုသ်နေ့မရောက်ခင် တရက်အလိုဖြစ်ဟယ်။ ကိုယ်တော်ယေရှုနဲ့တူတူ ဂါလိလဲဒေသဟနေလာဟဲ့ကြတဲ့မိန်းခလေးဟာ ယောသပ်နဲ့လိုက်ဟဲ့ကြပီး ဂူသင်္ချိုင်းရှိ ကိုယ်တော်ယေရှုဟဲ့ ရုပ်အလောင်းဝို လာရောက်ကြည့်ရှုဟဲ့အယ်။ အေးပင်း အိမ်နားဝို့ပြန်သွားဟဲ့ပီး အမွှေးနံ့သာရည်လေဝို ပြင်ဆင်ဟဲ့အယ်။



## ၈။ကိုယ်တော် ယေရှုသေဆွာဟနေ ရှင်ပြန်ထမြောက်ဆွာ (လုကာ ၂၄း၁-၈)

ရက်သတ္တပတ်ဟဲ့ ပထမဆုံးနေ့မနက်ခင်းစောစောမာ ကိုယ်တော်ယေရှု ဟဲ့နောက်လိုက်မိန်းခလေးလေဟာ ပြင်ဆင်ဟားဟဲ့အမွှေးနံ့သာရည်လေယူဆောင်ပီး ဂူသင်္ချိုင်းရှိရာနားဝို့ ပြန်လာဟဲ့ကြအယ်။ သူလို့ဟ ဂူသင်္ချိုင်းရှိရာနားဝို ရောက်ဟဲ့ချိန်မာ ဂူသင်္ချိုင်းဟဲ့တံခါးဟာ ပွင့်နီဆွာဝို မြင်တွိဟဲ့ကြနင်း။ ဟေပေမဲ့ ဂူသင်္ချိုင်းထဲနားဝိုရောက်သွားကြချိန်မာဟား သူလို့ဟာ ယေရှုဟဲ့အလောင်းဝို တွိ့ရှိရတော့ဝူးနင်း။ သူလို့လေဟာ အံ့သြတကြီး အံ့သြလွန်းနီဟဲ့အချိန်မာရီး သူလို့ဟဲ့ဘေးနားဝို အဝတ်အစား တောက်တောက်ပြောင်ပြောင်ဝတ်ဆင်ဟားဟဲ့ လူနေယောက်ချက်ချင်းရီးလာရပ်နီကြဟယ်။ မိန်းခလေးလေဟာ ကြောက်ရွံ့သွားကြပြီး မြေပြင်နဲ့ထိပီး ဝပ်တွားကန်တော့ကြနင်း။ “နို့လို့ပစာဖြစ်ဝို့ သေဆွာတရား ကြားမာ ရှင်သူ့ဝို့ရှာကြဆွာနင်း” ဆိုပီးဟား မေးလိုက်ဟယ်။ “သူဟ ဟေနားမာရှိတော့ဝူးနင်း၊ သူရှင်ပြန်ထမြောက်သွားပီနင်း” ဂါလိလဲနားမာရှိတုန်းဟ ယေရှု နို့လို့ဝိုပြောဟဲ့ဆွာမှတ်မိကြဝူးဝါး။ လူ့သား ယေရှုဟာအပစ်သားလေဟဲ့ လက်ထဲဝိုအပ်နှင်းခံ ရပီးလက်ဝါးကပ်တိုင်ပေါ်တင်ပီးအသတ်ခံရအယ်။သုံးရက်မြောက်ဟဲ့နေ့မာ ပြန်ပင်းရှင်ပြန်ထမြောက်မာဝို့ ပြောဟဲ့ဆွာဝို မှတ်မိကြဝူးဝါး” ဝို့ပြောလေနင်း။

သူလို့အားလုံးဟာ ကိုယ်တော်ယေရှုဟဲ့စကားလေဝို ပြန်လည်သတိရပီး ကိုယ်တော်ယေရှုဟာလဲ သူ့ဟဲ့တပဲ့တော်လေကြားမာ ကိုယ်ထင်ပြလေနင်း။ အဲပီးခါကျန့် ကိုယ်တော်ဟ “ငြိမ်းချမ်းပါစေ”ဆိုပီးနှုတ်ဆက်လိုက်လေဟယ်။ သူလို့လေအားလုံးဟလဲ ကိုယ်တော်ယေရှုဝို တစ္ဆေ သရဲ ဝို့တွေးထင်ဟဲ့ကြပီး ကြောက်ရွံ့ထိတ်လန့်ဟဲ့ကြအယ်။ကိုယ်တော် ယေရှုဟ“မကြောက်ကြနဲ့မန့်။ ငါ့ဟဲ့လက်လေခြေလေဝို ကြည့်ကြည့်မန့်။ ငါကိုယ်အစစ်ရီးနင်း။ ထိကြည့်မန့်။ တစ္ဆေသရဲဆိုပင်ဟား အသွေးသားနဲ့ အရိုးလေရှိမာဟုတ်ဝူးနင်း။ ငါ့မာအဲတာရှိနီလို့ နို့လို့မြင်နီကြရဆွာနင်း။ နို့လို့နားမာ စားစရာတခုခုလောက်ရှိဝူးဝါး” ဝို့ ပြောဟဲ့ခါသူ့ဟဲ့တပဲ့တော်လေဟလဲ ငါးကင်အချို့ကိုပေးလိုက်ခါ ကိုယ်တော်ယေရှုဖရားဟလဲချက်ချင်းရီး စားလိုက်လေဟယ်။

ကိုယ်တော်ယေရှုဖရားရှင်နိဗ္ဗာန်ရွှေမြို့တော်နားဝို့ မပြန်ခင် သူဟာဒုက္ခဝေဒဝါလေဝိုခံစားရပီး သုံးရက်မြောက်ဟဲ့နေ့မာ ပြန်ပင်းရှင်ပြန်ထမြောက်မာနင်းဝို့ ကတိပေးဟဲ့အယ်။



## ၉။ ကိုယ်တော်ယေရှုဖရားရှင် နိဗ္ဗာန်ရွှေမြို့တော်နားဝို့ ပြန်ပင်းကြွသွားဆွာ၊လူ မျိုးတကာနားဝို့ သွားရောက်ပင်း တပဲ့တော်လေမွေးထုတ်ဖို့သင်ပြ ဆွာ(မဿဲ ၂၈း၁၆-၂၀။တမန်တော် ၁း၁၁)

တပဲ့တော်လေဟာ သူလို့ဝိုကိုယ်တော်ယေရှုဟ တပဲ့တော်အနေနဲ့ ရွေးချယ်ဟဲ့နီရာဖြစ်တဲ့ တောင်ပေါ်နားဝို့သွားဟဲ့ကြနင်း။ အဲ့ခါ ကိုယ်တော်ယေရှုဟာ တလန့်ရီးပေါ်လာပီး တပဲ့တော်လေဟလဲ သူ့ဝို့ဝတ်ပြုဟဲ့ကြအယ်။ ကိုယ်တော်ယေရှုဟ "ငါ့ဝိုဖရားရှင်ဟလုပ်ပိုင်ခွင့်ဝို ပေးဟဲ့အယ်။ ဟေကြောင့်မို့လူမျိုး တကာလို့နားဝို့ သွားရောက်ပီး တပဲ့တော်လေမွေးထုတ်ကြမန့်။ သူလို့ဝို အဖဖရား၊ သားတော်ယေရှု၊ ဉာဏ်အလင်းတော်ဟဲ့နာမတော် အောက်မာရေနှစ်မင်္ဂလာ ပြုပေးကြမန့်။ ငါ့ဟဲ့မိန့်ကြားချက် အမှာစကားလေဝိုလိုက်နာဖို့ သင်ပြကြမန့်။ ငါဟာ နို့လို့နဲ့တူတူရီးရှိနီဆွာဝို အမှတ်ရကြမန့်" ဝို့မိန့်ကြားဟဲ့အယ်။

ကိုယ်တော်ယေရှုဟာ ရှင်ပြန်ထမြောက်ပီး ရက်ပေါင်း (၄၀) ထိတိုင်အောင် တပဲ့တော်လို့နဲ့တူတူ ရှိနီဟဲ့အယ်။ သူဟာ တပဲ့တော်လေဝို ဖရားရှင်ဟဲ့နိဗ္ဗာန်ရွှေမြို့တော်အကြောင်းဝို သင်ပြပေးဟဲ့နင်း။ သူဟာတခြားသူလေဝိုလဲ ကိုယ်ထင်ပြဟဲ့အယ်။ တခါမာတော့ လူပေါင်းငါးရာလောက်ရှိဟဲ့ လူအုပ်ကြီးရှေ့မာကိုယ်ထင်ပြဟဲ့အယ်။ အဲပီးခါကျန့် ကိုယ်တော်ယေရှုဟတပဲ့တော်လေဝို သံလွင်တော်ပေါ်နားဝိုခေါ်ဆောင်သွားလေနင်း။ကိုယ်တော်ယေရှုဟ "အဖဖရားနားဟ ကတိတော်ဝို မရမချင်း ဂျေရုဆလင်မြို့နားဝို မစွန့်ခွာကြပါနဲ့မန့်။ ရှင်ယောဟန်ဟနိလို့ဝိုရေနဲ့ ရေနှစ်မင်္ဂလာပြုပေးဟဲ့ပေမဲ့နိလို့ဟာမကြာခင်မာ ဖရားရှင်ဟဲ့ ဉာဏ်အလင်းတော်နဲ့ရေနှစ်မင်္ဂလာ ခံယူကြရမာရီး" ဝို့ကိုယ်တော်ယေရှုဟ မိန့်ဟဲ့အယ်။ အဲခါ ကိုယ်တော်ယေရှုဟဲ့တပဲ့တော်လေဟာ ကိုယ်တော်ယေရှု နိဗ္ဗာန်ရွှေမြို့တော်နားဝို့ ပြန်ပင်းကြွမြန်းတော်မူဆွာဝို ကြည့်နီဟဲ့ကြအယ်။ ချက်ချင်းရီး နတ်ဒေဝါနှစ်ပါး ပေါ်လာပီးခါကျန့် တပဲ့တော်လို့ဝို "နို့လို့ ပစာဖြစ်ဝို့ ကောင်းကင်ဝို မော့ကြည့်နီကြဆွာနင်း၊ ကိုယ်တော်ယေရှုဟတော် နို့လို့နားနောက်တခါပြန်ပင်းကြွလာခါ ဟေခုလိုမျိုး နို့လို့ဝို နိဗ္ဗာန်ရွှေမြို့တော်နားဝို့ ခေါ် သွားမာရီးနင်း" ဝို့ ပြောဟဲ့လေအယ်။



## ၁၀။ နိဗ္ဗာန်ရွှေမြို့တော်ဟဲ့ အရှင်သခင်ယေရှု(ဗျာတိတ်တော် ကျမ်း ၂၁း၉-၂၂း၂)

နတ်ဒေဝါတပါးဟကိုယ်တော်ယေရှုဟဲ့တပဲ့တော်ယောသပ်ဝို "ကိုယ်တော်ယေရှုဟဲ့ဉာဏ်အလင်းတော်နဲ့ ငါ့ဝိုမြင့်မားဟဲ့တောင်ထိပ်ပေါ်နားဝို့ခေါ်လာလေနင်း။ နိဗ္ဗာန်ရွှေမြို့တော်ဟနေ ဖရားဟပေးလိုက်ဟဲ့ မြင့်မြတ်တဲ့ ဂျေရုဆလင်မြို့တော်ဝို ငါ့ဝိုပြဟဲ့လေနင်း။ အဲ့မြို့တော်ဟာ ရမ်းဆရီးအဖိုးထိုက်ဟဲ့ ကျောက်မျက်ရတနာလေလိုမျိုး တလက်လက်တောက်ပနီပီး ပုံဆောင်ခဲလေနဲ့ ကြည်လင်တောက်ပနီဟယ်။ အဲ့မြို့တော်မာ ရမ်းဆရီးမြင့်မားဟဲ့နံရံလေနဲ့ ဝင်ပေါက်ဆယ့်နှေပေါက်ရှိဟယ်။ အဲ့ဝင်ပေါက်လေဝို နတ်ဒေဝါဆယ့်နှေပါးဟ စောင့်ရှောက်ထားဟယ်။ အဲ့ဝင်ပေါက်လေမာ အစ္စရေးအမျိုး အနွယ်ဝင် ဆယ့်နှေယောက်ဟဲ့နံမယ်လေဝို ရေးဟားဟဲ့နင်း။ အရှေ့ဖက်နားမာ ဝင်ပေါက်သုံးပေါက်၊ အနောက်ဖက်နားမာ ဝင်ပေါက်သုံးပေါက်၊ တောင်ဖက်နားမာ ဝင်ပေါက်သုံးပေါက်၊ မြောက်ဖက်နားမာ ဝင်ပေါက်သုံးပေါက်ရှိဟယ်။ ငါ့ဝိုစကားပြောဟဲ့တဲ့ နတ်ဒေဝါမာ မြို့တော်ဝို တိုင်းတာဖို့နဲ့ ဝင်ပေါက်လေ၊ နံရံလေဝို တိုင်းတာဖို့ ရွှေနဲ့လုပ်ဟားတဲ့ တိုင်းတာဟဲ့ကိရိယာပါနင်း။ မြို့တော်ဟာ လေးထောင့်ကျကျပုံစံရှိပီးခါကျန့် အလျားနဲ့အနံဟလဲ တူညီလေနင်း။ အဲ့နတ်ဒေဝါဟ မြို့တော်ဝို တိုင်းတာကြည့်ဟဲ့ခါ အလျားဟ မိုင်ပေါင်းတထောင့်ငါးရာရှိပီး၊ အကျယ်နဲ့အမြင့်ဟလဲ အဲ့တိုင်းတိုင်းရီးဖြစ်ဟယ်။ မြို့တော်ဟဲ့လမ်းလေဟာ ရွှေလေနဲ့ ပြုလုပ်ဟားပီး ဖန်သားလိုမျိုးကြည်လင်တောက်ပနီဟယ်။ မြို့တော်ဝို အလင်းရောင်ရဖို့ နေလေ၊ လလေလဲ လိုအပ်ဝူးနင်း။ ဖရားရှင်ဟဲ့ ဘုန်းတန်ခိုးအလင်းတော်နဲ့သူ့အလိုလို တောက်ပနီဆွာရီးဖြစ်အယ်။ အဲ့တိုင်းပြည်ဟဲ့ဘုရင်ဟာ ဘုန်းတန်ခိုးနဲ့ ပြည့်စုံပီး တိုင်းသူပြည်သားလေဝို အမှန်ကန်ရီးအုပ်ချုပ်မာနင်း (တိုင်းပြည်ဟလဲ သာယာဝပြော မာနင်း။) မြို့တော်မာ ညအချိန်လဲမရှိဟဲ့မို့ ဝင်ပေါက်လေဟာလဲ တခါမှ ပိတ်ဟားဆွာရှိဝူးနင်း။ မြို့တော်ဟာ ဘုန်းတန်ခိုးလေ၊ ဂုဏ်သတင်းလေနဲ့တော် ဖုံးလွှမ်းနီမာနင်း။ မြို့တော်မာ မသန့်ရှင်းဟဲ့အရာလေဝင်ရောက်လို့ရမာမဟုတ်ဝူးနင်း။ မြို့တော်မာ ဖရားရှင်ဟဲ့ အသက်စာအုပ်ရွေးဟားဟဲ့ သူလေတော်ရှိနီမာရီး ဖြစ်ဟဲ့မို့လူလိမ်လေနဲ့ အရှက်ရစရာကောင်းဟဲ့လုပ်ရပ်လေဝို လုပ်ဟဲ့သူလေဟဲဝင်လို့ရမာဟုတ်ဝူးနင်း။ ကိုယ်တော်ယေရှုဟ မျက်ရည်လေ၊ ဒုက္ခဆင်းရဲလေ၊ နာမကျန်းဆွာလေအားလုံးဝို ဖယ်ရှားပေးမာနင်း။ ပီးခါကျန့် မရေမတွက်နိုင်ဟဲ့လူအုပ်ကြီးဟ "နိဟာ မိမိဟဲ့အသက်ဝိုစတေးတာနဲ့ မျိုးနွယ်အသီးသီး၊ ဘာသာစကားအသီးသီး၊နိုင်ငံအသီးသီးဟ လူလေဝိုနိဟဲ့အသွေး တော်နဲ့ဖရားရှင်ဝို ယုံကြည်သူလေဖြစ်လာအောင် လုပ်ဆောင်ပေးဟဲ့မို့ဖြစ်အယ်။ နိလို့ဟာ ဖရာရှင်ဟဲ့သာသနာတော်နဲ့ သက်ဆိုင်သူလေဖြစ်လာဖို့ လုပ်ဆောင်ဟဲ့ကြဆွာဖြစ်နင်း" ဝို့ချီးမွမ်းသီချင်းသစ်လေ အကျယ်ရီးသီဆိုကြဟယ်။ နတ်ဒေဝါလေဟာ သလင်းကျောက်လိုမျိုး ကြည်လင်ဟဲ့အသက်စမ်းရေဝို ငါ့ဝိုပြဟဲ့နင်း။ အဲ့ရေဟာ ပုလ္လင်တော်ဟနေစီးဆင်းလာပီးခါကျန့် မြို့တော်ဟဲ့လမ်းလေမာလဲ ဆက်ပီးစီးဆင်းနီဟဲ့အယ်။ နတ်ဒေဝါလေဟ "လာကြမန့်၊ ရေငတ်နီသူလေဝို လာခိုင်းလိုက်မန့်၊ ဝတ်ပြုဆုတောင်းနီဟဲ့သူလေဝိုလဲ အသက်စမ်းရေဝို ယူသွားခွင့်ပေးလိုက်မန့်" ဝို့ပြောဟဲ့အယ်။ မြစ် ဟဲ့တဘက်နားမာ ဆယ့်နှေမျိုးသီးနှံလို့ သီးပွင့်ဟဲ့ အသက်သစ်ပင်ရှိလေနင်း။ တိုင်းသူပြည်သားလေ အနာရောဂါကင်းဝေးစေဖို့ အပင်ဟနေ အရွက် လေနဲ့ အသီးလေဝို လတိုင်းရီးဖြစ်ထွန်းစေမာ" ဝို့ပြောလေနင်း။